www.burmeseclassic.com

အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# ဘာသာသွေး

(ဘာသာသွေးကို အခြေခံ၍ သာသနာပြုကြရန်
ညွှန်ပြထားသည်။)



၁၃၆၆-ခုနှစ် ကဆုန်လ

နယူးဘားမားအော့(ဖ်)ဆက်ပိဋကပုံနှိပ်တိုက်

အမရပူရမြို့

www.burmeseclassic.com

www.burmeseclassic.com



၄။ မိမိသည် သာသနာတော်အရေးကို မျှော်တွေး၍ လွတ်လပ်ရေး ရတော့မည်ဟု ကြွေးကြော်ချိန်တုန်းကပင် (လွတ်လပ်ရေး ရသောအခါ ပြုပြင်ဖို့ရန်) အနာဂတ်သာသနာရေးကျမ်းစာကို ဆရာသမားများ၏ အယူအဆအတိုင်း ရေးသားခဲ့သပါသည်။

၅။ ဆဋ္ဌသံဂါယနာ၏ အစပိုင်းမှာလည်း သံဂါယနာတင်နှင့် တစ်ပါတည်း ကျေးရွာသာသနာပြုကိစ္စလည်း ပြီးစီးနိုင်သော နည်းလမ်းကို ကြံစည်ခဲ့ပါသည်၊ သို့သော် အများက သဘောတူမည် မထင်၍ ထိုအကြံကို အချို့အားသာ ပြောပြခဲ့ပါသည်။

**အလုပ်လုပ်ဖို့ အချိန်** ယခုအကြိမ် ဤစာစောင်ဖြင့် သာသနာရေးကို ညွှန်ပြခြင်းကား တကယ်အလုပ် လုပ်ကြဖို့နှင့် မိမိလည်း တတ်အားသမျှ လုပ်ကိုင်နေရာဝယ် အားတက်ဖွယ် အကူအညီများ လမ်းစ ပေါ်လာ၍ ညွှန်ပြခြင်း ဖြစ်ပါသည်၊ ဆက်ပါဦးမည်—မိမိသည် အနာဂတ်သာသနာရေးကို မရေးသားမီကပင် မိမိတတ်အားသမျှ သာသနာပြုပြင်မှုကို ကြိုးစားပါသည်၊ ယခုအချိန်မှာ ကြိုးစားသလောက် ရောက်တန်သမျှ ခရီးရောက်ပါ၏၊ သို့သော် "မိမိ ပြုပြင်မှုသည် အများစုသို့ မရောက်လျှင် မိမိ ကွယ်လွန်သောအခါ ပြုပြင်ထားသမျှသည်ပင် ပျက်ပြယ်စရာ ရှိ၏"ဟု တွေးတောကာ သာသနာပြုပြင်ရေးကို မကြာ မကြာ ဟောပါသည်၊ ထိုသို့ ဟောတိုင်းပင် များစွာသော ဒါယကာတို့က "ဖြစ်ဖို့ ခဲယဉ်းသည်, အစိုးရက ပြုပြင်မှ ဖြစ်မည်"ဟု မှတ်ချက် ချသွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာခေါင်းစဉ်


အကြောင်းအရာ ... စာမျက်နှာ

**အချီးနိဒါန်း**

ဘုရားဖြစ်ကြောင်း ကရုဏာတော် ... ... က
ချမ်းသာပေးနိုင်မှ တာရှည်ခံမည် ... ... ခ
ရှေးဆရာတော်များအမြင် ... ... ခ
အလုပ် လုပ်ဖို့ အချိန် ... ... ဃ
ငွေငါးသောင်း ဒါယကာ ... ... င
စဉ်းစားဖွယ်ရာ အဖြာဖြာ ... ... င
ဘာသာသွေး အခြေခံ၍ ပြုပြင်ရန် ... ... စ
ဘာသာသွေးနှင့် သွေးကောင်းသူ ... ... ဆ

**၁။ ပါရမီပြည့်၍ ထီးနန်းစံတော်မူခန်း**

ဘာသာအစ ပါရမီက ... ... ၁
ဝေဿန္တရာဘဝ ... ... ၂
ပါရမီဖြစ်ဖို့ သတိထားဖွယ် ... ... ၂
ပါရမီပြည့်မှ ဘုရားဖြစ် ... ... ၃
ဘုရားရှင်၏ ရုပ်အဆင်းတော် ... ... ၄
ဘုန်းနှင့်သမ္ဘာ ပါနေပုံ ... ... ၆
ကလေးဘဝ စျာန်ရပုံ ... ... ၇
ထီးနန်း စံတော်မူပုံ ... ... ၈

**၂။ ရဟန်းပြု၍ တရားကျင့်တော်မူခန်း**

တရားရှာခြင်း ... ... ၁၀
ဆရာကြီးက ချီးမြှောက်ပုံ ... ... ၁၁
တရားကျင့်ဖို့ဒေသ ... ... ၁၂
ဒုက္ကရစရိယာကျင့်တော်မူခြင်း ... ... ၁၃


www.burmeseclassic.com

www.burmeseclassic.com



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဘိက္ခုနီများ ဝန်ဆောင်ပုံ ... ... | ၄၇ |
| ဥပါသကာပရိသတ် ... ... | ၄၇ |
| အနာထပိဏ်သူဌေး ... ... | ၄၈ |
| စိတ္တသူကြွယ် ... ... | ၅၀ |
| ဥပါသကာများ ဝန်ဆောင်ပုံ ... ... | ၅၀ |
| ဥပါသိကာပရိသတ် ... ... | ၅၁ |
| ခုဇ္ဇုတ္တရာ ... ... | ၅၁ |
| သာမာဝတီ, ဥတ္တရာ ... ... | ၅၃ |
| ပရိသတ် စုံညီ၍ ပရိနိဗ္ဗာန် စံတော်မူခြင်း ... ... | ၅၅ |
| ၅။ ရှေးမထေရ်များ ကြိုးစားခန်း | |
| ပထမ သင်္ဂါယနာ စသည် ... ... | ၄၆ |
| ဓမ္မာသောကမင်း၏ ဘာသာသွေး ... ... | ၅၉ |
| ဒုဋ္ဌဂါမဏိမင်း၏ ဘာသာသွေး ... ... | ၆၀ |
| ၆။ မြန်မာနိုင်ငံ ရှေ့ပိုင်း သာသနာခန်း | |
| အရှင်အရဟံနှင့် အနော်ရထာ ... ... | ၆၁ |
| မြန်မာ ဆရာ ဒကာများ ... ... | ၆၂ |
| သာသနာပြုမင်း ကင်းဝေးချိန် ... ... | ၆၂ |
| ဆာအာသာဖယ်ရာနှင့် ဘုန်းကြီးကျောင်း ... ... | ၆၃ |
| ဘုန်းတော်ကြီးစာသင်ကျောင်းများ ... ... | ၆၄ |
| အိမ် စာသင်ကျောင်းများ ... ... | ၆၅ |
| စဉ်းစားဖွယ် ... ... | ၆၆ |
| ရှေးရိုးကျောင်းများ ... ... | ၆၈ |
| သာသနာ ဆက်ခံခဲ့ကြပုံ ... ... | ၆၉ |
| လောက၏ ဖြစ်တတ်သောသဘော ... ... | ၇၀ |

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ စာမျက်နှာ

ဘုန်းကြီးတို့ အမျိုး ... ... ၇၁
တိုင်းပြည်များ ... ... ၇၂

၇။ မြန်မာနိုင်ငံ နောက်ပိုင်းသာသနာ

ဘုန်းတော်ကြီးကျောင်းများ နိမ့်ကျခဲ့ပုံ ... ... ၇၄
မြို့စာသင်ကိုယ်တော်များ ... ... ၇၆
ဘုန်းကြီးကျောင်းထွက်များ ... ... ၇၇
ဘုန်းကြီးကျောင်းကို အားမကိုး ... ... ၇၈
ငြီးငြူသံနှင့် ပယ်လှန်သံ ... ... ၇၈
သတိရဖွယ်ကောင်းခဲ့သောအချိန် ... ... ၇၉

၈။ သာသနာ့အန္တရာယ် ကာကွယ်နည်း ပြခန်း

ကျောင်းသားမရှိပြစ် ... ... ၈၀
အန္တရာယ်ကို ဘယ်လိုတားမလဲ ... ... ၈၁
သူနာကြိုက်ဓာတ်စာ ... ... ၈၁
ကြိုတင်၍ စဉ်းစားဖွယ် ... ... ၈၂
ဘာသန္တရ သင်နေကြပြီ ... ... ၈၃
ဆရာကင်း၍ ပျက်စီးရခြင်း ... ... ၈၃
အခြေခံကောင်းလျှင် မပျက် ... ... ၈၅
ဆရာကောင်းထံ နည်းခံပါ ... ... ၈၈
မန္တလေးနှင့် ပခုက္ကူ ... ... ၈၉
မဟာဂန္ဓာရုံဆရာတော်ထံ ... ... ၉၀
တိတ်ဆိတ်သောတောကျောင်း ... ... ၉၀
မိမိ၏ဆန္ဒ ... ... ၉၂
ကြိုးစားပါလျက် အထင်သေး ... ... ၉၃
စာချပုဂ္ဂိုလ်များ ညြဇာနည်းခြင်း ... ... ၉၄

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ စာမျက်နှာ
စာသင်သားများ ရည်ရွယ်ချက် ... ... ၉၄
ဒကာများ၏ ပကာသန ... ... ၉၅
၉။ တာဝန်ကျေပွန်ရန် ညွှန်ပြခန်း
အစိုးရ၏တာဝန် ... ... ၉၆
ကျေးရွာဘုန်းတော်ကြီးများ တာဝန် ... ... ၉၇
သီလရှင်များတာဝန် ... ... ၉၇
ဘာသာခြားသီလရှင်များ ... ... ၉၈
သီလရှင်များ၏ ဝန်ဆောင်ကျောင်းတိုက် ... ... ၉၉
ကျန်းမာရေးပညာ သင်ပါ ... ... ၉၉
တာဝန်ဆောင်ရခြင်းအကျိုး ... ... ၁၀၀
ကြုံခဲသော သာသနာ ... ... ၁၀၁
၁၀။ ခေတ်ပညာတတ်များ စဉ်းစားဖွယ်
အမျိုးကို အထင်မသေးနှင့် ... ... ၁၀၂
ဘာသာကိုလည်း အထင်မသေးနှင့် ... ... ၁၀၂
လက်တွေ့မဟုတ်လျှင် မယုံဘူးလား ... ... ၁၀၃
အစစ်အမှန်သည် ပယ်စရာမဟုတ် ... ... ၁၀၄
အိမ်တော်ဝန် ဦးစံဖေ၏ ကိုယ်တွေ့ဝတ္ထု ... ... ၁၀၆
နိုင်ငံခြားမှာ နောက်ပိုင်းမချမ်းသာ ... ... ၁၀၈
တရားတော်၏ သုခ ... ... ၁၀၈
နောက်ဘဝမရှိဟု ယူသူ နှစ်ဖက်ရှုံး ... ... ၁၀၉
နောက်ဘဝရှိ၏ဟု ယူသူ နှစ်ဖက်အကျိုးရ ... ... ၁၁၀
အမျိုးသား သူတော်ကောင်းများ ... ... ၁၁၀
ပညာတတ် ထက်မြက်သူများ ... ... ၁၁၁
လူ့ဘဝထက် ဆောင်နိုင်သောဘဝ ... ... ၁၁၂

www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးထားကြကုန်၏၊ နေရောင်ကြောင့် ပန်းပင်များ ပွင့်ကြကုန်၏၊ ပျားပိတုန်းတို့သည် နန်းတော်တွင်းသို့ ဝင်ရောက်၍ ပန်းဝတ်ရည်များကို လှည့်လည် စုတ်ယူကြကုန်၏၊ နန်းတော်တစ်ရပ်လုံးကား ပန်းရနံ့တို့ဖြင့် သင်းပျံ့နေလေသည်။

၃။ နှစ်ထပ်နံရံတို့၏အလယ်၌ ရေပိုက်လုံးများ တပ်ဆင်ထား၏၊ နန်းတော်၏ အထက်ဆုံးအထပ်နှင့် ညီမျှသော ကောင်းကင်လွင်ပြင်ဝယ် မဏ္ဍပ်သဖွယ် အမိုးပြုလုပ်၍ ထိုအမိုး၌ ဇာပေါက်ကလေးတွေ ဖောက်ထား၏၊ ထိုမဏ္ဍပ်၏ တစ်နေရာ၌ ကျွဲရေများကို အပေါ်က ဖြန့်ကြက်ထား၏၊ ရေစက်ဖြင့် ရေပြွန်မှတက်လာသော ရေတို့သည် မဏ္ဍပ်ပေါ်ဝယ် ဖြာလျက် ဇာပေါက်တို့မှ မိုးရွာသကဲ့သို့ ကျ၍နေစဉ် ကျွဲရေများပေါ်သို့ ကျောက်ခဲကလေးများကို ပစ်တင်ကာ မိုးရွာသံများ ဖြစ်လာစေ၏၊ ဤနည်းအားဖြင့် နွေအခါကိုပင် မိုးတွင်းကဲ့သို့ စိတ်ရွှင်စရာ ဖြစ်စေလေသည်။

၄။ ထိုကဲ့သို့ မိုးအတုများ ရွာချနေစဉ် ဘုရားအလောင်းတော်သည် ညိုသောကိုယ်ဝတ် ညိုသောအပေါ်ရုံကို ဝတ်ရုံ၍ ရေကစားထွက်တော်မူလာ၏၊ ယသော်ဓရာနှင့်,အတူ အခြွေအရံမောင်းမတစ်စုလည်း ညိုသောအဝတ်များကို ဆင်တူဝတ်၍ အညိုရောင်ပန်းများကို ပန်ဆင်လျက် မဏ္ဍပ်အတွင်းဝယ် နွေရာသီ အပူဝေးဖို့ အေးမြသောရေစင်ဖြင့် ဘုရားအလောင်း၏ စိတ်တော်ကို ဖြေဖျော်ကြလေသည်။

[မဇ္ဈိမပဏ္ဏာသ, မာဂဏ္ဍိယသုတ္တဋ္ဌကထာ။]

www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင် စီးဆင်းနေသော နေရဉ္ဇရာမြစ်၏ အလွန်ကောင်းသော ရေဆိပ်နှင့် ပတ်ဝန်းကျင်အနီးအပါး၌ ဆွမ်းခံ၍ လွယ်ကူမည့်ရွာကို တွေ့တော်မူလေရာ. ထိုနေရာ၌ပင် တရားကျင့်ဖို့ရန် စိတ်ကို ပိုင်းဖြတ်တော်မူလျက် ပဏ္ဏသာလာ=သစ်ရွက်ကျောင်းကလေးကို စီစဉ်တော်မူပါသည်၊ [ထိုအချိန်၌ ရသေ့ ပြုနှင့်ကြသော ပဉ္စဝဂ္ဂီ(ငါးပါးအစု)က ဘုရားအလောင်းတော်ကို ပြုစုလုပ်ကျွေးကြသည်။]

**ဒုက္ကရစရိယာ ကျင့်တော်မူခြင်း** ဘုရား အလောင်းတော်သည် အလွန် မကြာသေးသော ရက်အတွင်းက ကပ္ပိလဝတ်နေပြည် နွေရာသီ စံနန်းတော်၌ အခြွေအရံများစွာ၏ အပြုအစု အယုအယ အဖြေအဖျော်ကို ခံယူကာ သလေးဆန်မွှေးကိုသာ သုံးဆောင်တော်မူလျက် အသက်သာဆုံး အချမ်းသာဆုံး ခံစားခဲ့လေသည်၊ ယခုအခါ တောအုပ်အလယ် သစ်ရွက်မိုး သစ်ရွက်ကာ ကျောင်းသခမ်းကလေးဝယ် ရတတ်သမျှ ဆွမ်းအာဟာရဖြင့် မျှတကာ အဆင်းရဲခံဆုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပါတော့မည်။ [ဒုက္ကရ–သာမန်လူတို့ မပြုနိုင် မကျင့်နိုင်လောက်အောင် ခဲယဉ်းလှသော+စရိယာ–အကျင့်၊ ထိုဒုက္ကရစရိယာကျင့်တော်မူပုံကို မူလပဏ္ဏာသ သစ္စကသုတ် စသည်မှာ လာသည့်အတိုင်း ပြပါမည်။]

၁။ ဘုရားအလောင်းသည် "ကောင်းသော (ကုသိုလ်)စိတ်ဖြင့် မကောင်းသော (အကုသိုလ်)စိတ်ကို နှိပ်စက်အံ့"ဟု ကြံတော်မူပြီးလျှင် အံကြိတ်၍ တောက်ခေါက်၍ မကောင်းစိတ် မဖြစ်နိုင်အောင် စိတ်ကို နှိပ်စက်ပေး၏၊ ထိုအခါ ချိုင်းကြားမှ ချွေးများ ယိုကျလာ၏၊ ဥပမာ–အားကောင်းသော ယောက်ျားတစ်ယောက်က အားနည်းသော

www.burmeseclassic.com

www.burmeseclassic.com



၉။ ခန္ဓာကိုယ် သက်သာစေလို၍ လက်ဖြင့် ပွတ်လိုက်လျှင် အရင်းက ပုပ်နေသော အမွေးတို့သည် ကိုယ်မှ ကွာ၍ လက်၌ ငြိကပ် ပါလာကုန်၏။

၁၀။ ဘုရားအလောင်းတော်၏ ပင်ကိုအဆင်းသည် သိင်္ဂီရွှေအဆင်း ကဲ့သို့ ဝါဝင်း၏။ သို့သော် ထိုတရားကျင့်ချိန်မှ မြင်ရသူတို့ကား "ကာဠော သမဏော ဂေါတမော=ရဟန်းဂေါတမဟာ အသား မည်းကြီးပဲ"ဟု ပြောကြ၏။ တချို့က "သာမော သမဏော ဂေါတမော=ရဟန်းဂေါတမဟာ အသားညိုကြီးပဲ"ဟု ပြောကြ ၏။ တချို့ကမူ "မင္ဂုရစ္ဆဝိ သမဏော ဂေါတမော=ရဟန်း ဂေါတမဟာ ငါးရှူ၏ အရေ အရောင်မျိုးပဲ"ဟု ပြောကြသည်။ [မဟာသီဟနာဒသုတ်, ပါဠိ အဋ္ဌကထာ ဋီကာ။]

**မာရ်နတ်လာ၍ မကျင့်ဖို့ပြောခြင်း** ဘုရားအလောင်းတော်သည် ထိုမျှလောက် အပင် ပန်းခံ၍ ကျင့်တော်မူသောအခါ မာရ်နတ်လာ၍ သနားဟန်ဖြင့် ဒုက္ကရအကျင့်ကို မကျင့်ဖို့ရန် ပြောသည်မှာ—အို သိဒ္ဓတ္ထ.....အသင်သည် အလွန်ပိန်၍ အားနည်း လှပြီ၊ အစိတ်တစ်ထောင်နှင့် တစ်စိတ် စိတ်လျှင် သေဘက်က တစ်ထောင်လောက် ရှိ၍ တစ်စိတ်လောက်သာ ရှင်ဖို့ ရှိတော့သည်၊ သေဖို့ရန် အလွန်နီးကပ်နေပြီ၊ အသက်တာရှည် နေရခြင်းဆိုတာ အလွန်ကောင်း အလွန်မြတ်ပါသည်၊ အသက်ရှည်လျှင် ကုသိုလ် ကောင်းမှုကို များစွာ ပြုရပါလိမ့်မည်၊ မြတ်သောအကျင့်ကို(ဥပုသ် သီလကို) ကျင့်၍ ယဇ်မီးပူဇော်နေမည်ဆိုလျှင် ကုသိုလ်ကောင်းမှုတွေ များစွာ တိုးပွားဖွယ် ရှိပါသည်၊ ယခု အသင် ပြုနေတဲ့ ပဓာနအလုပ်

www.burmeseclassic.com

www.burmeseclassic.com



**အကျင့်ပြောင်းပုံ** အတိတ်ရှေးက ဖြစ်ခဲ့ကြသော ရသေ့ သို့မဟုတ် ပုဏ္ဏားတို့သည် အဆင်းရဲခံရ၍ ကျင့်ကြရာဝယ် ဤမျှလောက်သော ကျင့်နိုင်ခဲ့ပေမည်၊ ယခု ငါခံစားရသော ဒုက္ခထက် ပို၍ကား ဆင်းရဲခံ၍ ကျင့်နိုင်ကြမည် မဟုတ်၊ နောင်အနာဂတ်၌လည်း ယခုထက်ပို၍ ကျင့်နိုင်ကြလိမ့်မည် မဟုတ်၊ ယခုပစ္စုပ္ပန်ခေတ်၌လည်း ငါခံစားရသော ဆင်းရဲထက် ပို၍ မကျင့်နိုင်ကြ၊ ဤမျှလောက် ဒုက္ခခံ၍ ကျင့်ပါလျက် ငါသည် တရားထူးကို မရပါတကား၊ တရားထူးကို ရဖို့ရန် လမ်းကြောင်းမှာ တစ်မျိုးဖြစ်စရာ ရှိ၏ဟု အကြံတော်ဖြစ်ပြီးလျှင် ခမည်းတော်၏ လယ်ထွန်မင်္ဂလာ ပွဲချိန်က ပဌမဈာန်ကို ရ၍ ချမ်းသာပုံကို သတိရသဖြင့် "ထိုဈာန်သည်ပင် တရားထူးရဖို့ မှန်ကန်သောလမ်းကြောင်း ဖြစ်သည်"ဟု အသိဉာဏ် ဖြစ်ပေါ်လာ၏။ ထိုအခါ ဤမျှလောက်သော ဆင်းရဲ ပင်ပန်းနေသော ခန္ဓာကိုယ်ဖြင့် ထိုဈာန်ကို ရဖို့မလွယ်ကြောင်း သိတော်မူရကား ရှေးကကဲ့သို့ ဆွမ်းအာဟာရကို ပြန်၍ စားသောက်လေသော် မကြာမီပင် အားအင်ပြည့်တင်းလာလေသည်။

မှတ်ချက်။ ။ပဉ္စဝဂ္ဂီရသေ့ငါးဦးတို့သည် ဘုရားအလောင်းတော်၏ အလွန်ဆင်းရဲစွာ ကျင့်စဉ်အခါ၌ "ကေန်တရားထူး ရတော့မည်"ဟု မျှော်လင့်၍ လွန်စွာအားရကြကုန်၏၊ ဆွမ်းအာဟာရကို ပြန်၍စားသောအခါ၌ကား "ပစ္စည်းပေါ်အောင် ကျင့်ပြီ၊ ကာမဂုဏ်မှ ပြန်လည်ခဲ့ပြီ"ဟု အယူရှိကာ ဘုရားဖြစ်ဖို့ရန် မျှော်လင့်ချက် မရှိကြတော့ဘဲ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ရွေ့သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**စိတ်အစဉ်၏ ဂုဏ်များ** ဈာန်တရားကို ရပြီးသော ဘုရားအလောင်းတော်၏ အလွန် သမာဓိအားကောင်းသော စိတ်အစဉ်သည် (၁) ရှေ့ရောနောက်ပါ ထက်ဝန်းကျင် စင်ကြယ်နေ၏၊ (၂) စင်ကြယ်သောကြောင့် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏၊ (၃) ကိလေသာ မရှိ၊ (၄) ကိလေသာ မရှိသောကြောင့် ညစ်နွမ်းစေတတ်သော အညစ်အကြေးမှ ကင်းရှင်း၏၊ (၅) စိတ်အစဉ်သည် နူးနူးညံ့ညံ့ ရှိ၏၊ (၆) နူးနူးညံ့ညံ့ရှိသောကြောင့် လိုရာအာရုံသို့ ဆွဲဆောင်ဖို့ လွယ်ကူနေ၏၊ [ဥပမာ... အညစ်အကြေး ကင်း၍ နူးညံ့ပျော့ပျောင်းသော ရွှေစင် ရွှေကောင်းသည် လိုရာတန်ဆာကို ပြုဖို့ရန် ကောင်းမွန်သကဲ့သို့ ဖြစ်၏၊] (၇) ပြခဲ့သော ဂုဏ်များကို ခဏခေတ္တ ရခြင်း မဟုတ်၊ ထိုဂုဏ်များ၌ ခိုင်မြဲတည်တံ့နေ၏၊ ထိုဂုဏ်များ ပျောက်ပြယ်၍ မသွားနိုင်၊ (၈)ထိုဂုဏ်များ၌ ခိုင်မြဲသောကြောင့်ပင် ထိုဂုဏ်များ၏ လှုပ်ရှားခြင်း မရှိ၊ ဤသို့ ဂုဏ်(၈)ပါးနှင့် ပြည့်စုံသော စိတ်အစဉ်သည် စိတ်နှင့် ဆိုင်ရာဝယ် (ဘယ်ကိစ္စမဆို) ညွတ်လိုက်လျှင် ထိုညွတ်လိုက်ရာအာရုံသို့ ရောက်သွားလောက်အောင် ကောင်းမွန်လျက် ရှိလေပြီ။

**ပုဗ္ဗေနိဝါသ ဉာဏ်** [ပုဗ္ဗေ–ရှေးရှေးဘဝများစွာ၌+နိဝါသ–နေခဲ့ရ, တွေ့ခဲ့ ကြုံခဲ့ရသမျှကို+ဉာဏ–သိသောဉာဏ်၊] ဘဝများစွာ ကမ္ဘာများစွာတို့က ဖြစ်ပျက်ခဲ့သော အကြောင်းအရာကိုလည်းကောင်း, ထိုဘဝတုန်းက ပတ်ဝန်းကျင်၌ တွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့သမျှသော အာရုံများကိုလည်းကောင်း ပြန်ပြောင်း၍ အောက်မေ့နိုင်သော အသိဉာဏ်ကို "ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်" ဟု ခေါ်၏၊ ဘုရားအလောင်းသည် ညစ်ကြေးမတင် လွန်သန့်စင်၍ ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာ၏၊ ထိုဉာဏ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာစုကို ပယ်၍ အယူမှားမှု ယုံမှားသံသယဖြစ်မှုတွေ အတွင်းဓာတ်ပါ မကျန်အောင် ကင်းစင်သွားတော့၏။

၂။ ထို့နောက် သစ္စာလေးပါးကို ပထမဉာဏ်ထက် ပို၍ သိမြင်သော သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်လာ၏၊ ထိုဉာဏ်ဖြင့် ကိလေသာ တစ်စုံတစ်ခုကိုမျှ မပယ်နိုင်သေး၊ သို့သော် ကာမ ရာဂ ဓာတ်ညစ်, ဒေါသဓာတ်ညစ်တို့ကိုကား ပါးလှပ်အောင် ပယ်လိုက်ပြီ။ [တရားအားထုတ်စဉ်ကလည်း ကာမစိတ် ဒေါသ စိတ်များ မဖြစ်ပါ၊ သို့သော် ဓာတ်သဘောကား ရှိနေသေး၏၊ ချာန်ရသောအခါလည်း ဓာတ်သဘော ရှိနေသေး၏၊ မဂ်ဖြင့် ယခု ပယ်ခြင်းကား ဓာတ်သဘောပါ မကျန်ရအောင် ပယ်ခြင်း ဖြစ်သည်။

၃။ ထို့နောက် သစ္စာလေးပါးကို ဒုတိယဉာဏ်ထက်ပင် ပို၍ သိမြင် နိုင်သော အနာဂါမိမဂ် ဖိုလ်ဉာဏ် ပေါ်လာ၏၊ ထိုဉာဏ်အစွမ်း ကြောင့် ကာမရာဂဓာတ် ဒေါသဓာတ်များ လုံးလုံး ကင်းပြတ်သွား တော့၏၊ ရူပဘဝ အရူပဘဝတို့ကို နှစ်သက်သော ဓာတ်, အမှန်အတိုင်း အထင်ကြီးတတ်သော မာနဓာတ်ကလေးများ အလွန် သိမ်မွေ့စွာ ကျန်သေး၏။

၄။ ထို့နောက် သစ္စာလေးပါးကို အစွမ်းကုန်သိမြင်နိုင်သော အရဟတ္တ မဂ်ဉာဏ်နှင့် အရဟတ္တဖိုလ်ဉာဏ် ပေါ်လာ၏၊ ထိုဉာဏ်အစွမ်း ကြောင့် ကျန်သေးသော အကုသိုလ် အညစ်အကြေးဓာတ်များ အလုံးစုံ ကင်းပြတ်သွားတော့၏၊ ထို အညစ်အကြေးဓာတ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကင်းပြတ်သွားရာတွင် အရင်းခံဖြစ်သော အာသဝေါတရားတို့၏ ဓာတ်များလည်း ပါဝင်သွားရကား ဤ အရဟတ္တမဂ်ဉာဏ်ကို အာသဝက္ခယဉာဏ်ဟု ခေါ်ရသည်၊ ဤ အာသဝက္ခယဉာဏ် ရပြီးသည်နှင့် တစ်ပြိုင်နက် အရဟတ်လည်း တက်လာတော့၏။

**ဘုရားဖြစ်တော်မူချိန်** ထိုအရဟတ္တမဂ်ဉာဏ် ရတော်မူပြီးသည်နှင့် တစ်ပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကိုလည်း တစ်ခါတည်း ရပြီးဖြစ်တော့၏၊ ထိုဉာဏ်တော်ကြောင့် "ဗုဒ္ဓ" ဟူသော အမည်တော်ကိုလည်း ရတော်မူ၏၊ ဘုရားဖြစ်တော်မူချိန်သည် ကဆုန်လပြည့်ညဥ့်ကို လွန်၍ အရုဏ်တက်မည့်ဆဲဆဲအချိန် ဖြစ်ပါသည်၊ ထိုအချိန်၌ ရှင်တော်မြတ်ဘုရား၏ မျက်နှာတော်သည် အလွန်ကြည်လင်တော်မူသောကြောင့် မျက်နှာတော်ကို အကဲခတ်၍ ထူးမြတ်သော ဉာဏ်တော်ကို ရတော်မူပြီဟု သိကြသောနတ်အများတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။ [သဗ္ဗ–အလုံးစုံကို + ညုတာ– သိနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ဉာဏ်တော်။]

**သဗ္ဗညုတ ဉာဏ်တော်အစွမ်း** သဗ္ဗညုတဉာဏ်တော်သည် (၁) သိဖွယ်ဟူသမျှ တို့ကို အလုံးစုံ အကုန်အစင် သိတော်မူ၏၊ ထိုသို့ သိရာ၌ တစ်ခုတလေမျှလည်း အမှားအယွင်း မရှိ၊ (၂) သိအပ်သော တရားတိုင်းဝယ် "သူတစ်ပါး နားလည်အောင် မည်သည့်နည်းဖြင့် ဟောထိုက်သည်"ဟု တရားတစ်မျိုး တစ်မျိုးလျှင် ဟောနည်း (တရားဆင်နည်း) အမျိုးမျိုးကိုလည်း သိတော်မူ၏၊ (၃) တရားနာမည့် ပုဂ္ဂိုလ်တိုင်း၏ အလိုဆန္ဒ (စိတ်ကြိုက်)ကိုလည်း နိုက်နိုက်ချွတ်ချွတ် သိတော်မူ၏၊ ထိုသို့ အစွမ်းသတ္တိ သုံးမျိုးရှိသော

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်အယူဝါဒကို တရားသဖြင့် နှိပ်နင်း၍ အကြောင်းပြလျက် တရားဓမ္မကို (လူ့အလိုက်) မပြောပြနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန် စံဖို့ မဖြစ်နိုင်သေးဘူး မာရ်နတ်။

၅။ အို မာရ်နတ်...ငါဘုရား၏ သီလ သမာဓိ ပညာ သုံးမျိုးလုံး ပါနေသော သာသနာတော်သည် စည်ပင် ပြန့်ပွား၍ ပညာရှိသော နတ် လူတို့နယ်တွင် မထင်ရှားသေးသမျှ ငါဘုရား ပရိနိဗ္ဗာန် စံဖို့ မဖြစ်နိုင်သေးဘူး မာရ်နတ်...။ ဤသို့ ဘုရားရှင်က ပြန်၍ မိန့်တော်မူခဲ့ပါသည်။

မှတ်ချက်။ ။ဤနေရာ၌ ဘုရားရှင်၏ သာသနာ့လမ်းစဉ်ကို သတိပြုသင့်၏၊ သာသနာတော် ခိုင်ခံ့၍ အရပ်ရပ် ပျံ့နှံ့အောင်...

(၁) သာသနာ့တာဝန်ဆောင် ဘိက္ခုကောင်းများ၊
(၂) သာသနာ့တာဝန်ဆောင် ဘိက္ခုနီကောင်းများ၊
(၃) သာသနာတော်ကို ဆည်းကပ် ကိုးကွယ်သော တာဝန်ဆောင် ဥပါသကာ (ဒါယကာ)များ၊
(၄) သာသနာတော်ကို ဆည်းကပ် ကိုးကွယ်သော တာဝန်ဆောင် ဥပါသိကာ (ဒါယိကာမ)များ၊

ဤလေးရပ်ကို ဗုဒ္ဓမြတ်စွာ၏ ပရိသတ်လေးပါးဟု ခေါ်သည်၊ ထိုပရိသတ်လေးပါးလုံး ပြည့်ပြည့်စုံစုံ ရှိမှသာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် အရှည်ခံ့၍ တည်တန့်နိုင်မည် ဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာသည် ပရိသတ်လေးပါးလုံးကို ပြည့်စုံအောင် (၄၅)ဝါကာလ ပတ်လုံး တရားဟောတော်မူခြင်းဖြင့် သာသနာတော် ပျံ့နှံ့ခိုင်မြဲအောင် ရွက်ဆောင်တော်မူခဲ့ကြောင်းကို မှတ်သားခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ်နေပြည်တော်သို့ ပထမအကြိမ် ရောက်တော်မူ၍ သုံးရက်မြောက်နေ့၌ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူ၏။ ထိုနေ့ကား နှမတော် ဇနပဒကလျာဏီနှင့် လက်ထပ်၍ အိမ်ရှေ့နန်းအပ်ဖို့ စီစဉ်ပြီးသောနေ့တည်း။ ထိုနေ့စောစော၌ ဘုရားရှင်သည် ခမည်းတော်၏ နန်းတော်မှ ဆွမ်းဘုဉ်းပေး၍ ပြန်အကြွတွင် နန္ဒမင်းသားကို သပိတ်ကိုင်စေ၍ ကျောင်းတော်ရောက်သောအခါ "ရဟန်းပြုမည်လော"ဟု မေးတော်မူလျှင် မပြုချင်သော်လည်း ငယ်စဉ်ကပင် အရိုအသေ ပေးရသော နောင်တော်ဖြစ်သောကြောင့် "ရဟန်းပြုပါမည်"ဟု လျှောက်ရတော့သည်၊ နေပြည်တော်ရောက်၍ ခုနစ်ရက်မြောက်နေ့၌ လောကီအမွေတောင်းလျက် နောက်တော်ကပါလာသော (၇-နှစ်အရွယ် ငယ်ရှာသော) သားတော်ရာဟုလာကို "လောကုတ္တရာအမွေ ပေးမည်"ဟု မိန့်တော်မူကာ ရှင်သာမဏေကလေး ပြုစေတော်မူသည်။

**လူ့စည်းစိမ်ထက် ကောင်းလို့**

နန္ဒမင်းသားသည် ရဟန်း မပြုလျှင် ပထမ အိမ်ရှေ့မင်း ဖြစ်၍ ခမည်းတော်ကြီး နတ်ရွာစံသောအခါ ရှင်ဘုရင်ဖြစ်ဖို့ သေချာနေသော မင်းသားပေတည်း။ သူ၏ ရုပ်လက္ခဏာ အလိုအားဖြင့် စကြာမင်းဖြစ်ထိုက်သော ဘုန်းကံပါရှိသူလည်း ဖြစ်သည်၊ ရာဟုလာမင်းသားလည်း နန္ဒမင်းသား ရဟန်းပြုပြီး ဖြစ်သောကြောင့် အိမ်ရှေ့မင်းနှင့် ရှင်ဘုရင်ဖြစ်ဖို့ သေချာနေ၏၊ ဘုရားသခင်နှင့် ယသော်ဓရာတို့၏ သွေးသား ဖြစ်သောကြောင့် ရုပ်လက္ခဏာမှာလည်း စကြာမင်းဇာတာပါနေသူပင်ဖြစ်သည်၊ လောကီဘက်၌ ထိုမျှလောက် အေးအေးဆေးဆေး နှင့် တက်လမ်းကောင်းသူကား ယခုကမ္ဘာဝယ် တစ်ယောက်တလေမျှ

www.burmeseclassic.com

www.burmeseclassic.com



ကျင့်နေသူ, ဘုရားတရားတော် ပိဋကကျမ်းစာများကို မပျောက်မကွယ် အောင် ပူဇော်သူ, ထိန်းသိမ်းစောင့်ရှောက်သူ, ဟောပြောပို့ချသူ, ကြားနာမှတ်သားသူကို "တရားကိုးကွယ် ဆည်းကပ်သူ"ဟု ခေါ်သည်၊ အရိယာသံဃာတော်များကိုလည်းကောင်း, အရိယာဖြစ်အောင် ကြိုးစား နေသော ပုထုဇဉ်သူတော်ကောင်းများကိုလည်းကောင်း, အားပေး ချီးမြှောက် ထောက်ပံ့လှူဒါန်းသူ, ထိုသံဃာတော်များအား ကောင်းစွာ နေနိုင်အောင် စောင့်ရှောက်သူ, သူတော်ကောင်း သံဃာများ တိုးပွား အောင် ကြိုးစားသူကို "သံဃာကိုးကွယ်သူ"ဟု ခေါ်သည်၊ ဘုရား လက်ထက်တော်၌ ထိုကဲ့သို့ ကိုးကွယ်ကြသော ယောကျ်ား, မိန်းမတို့ အများအပြားပင် ရှိခဲ့ကြပေသည်။

**အနာထပိဏ် သူဌေး**

အနာထပိဏ်သူဌေးသည် သာဝတ္ထိမြို့ သုမန သူဌေး၏ သားတည်း၊ လွန်ခဲ့သော ကမ္ဘာ တစ်သိန်း၌ ပဒုမုတ္တိုရ်မြတ်စွာဘုရား လက်ထက် တော်ဝယ် အလှူဒါန ရက်ရောသော ဥပါသကာ တစ်ယောက်ကို အားကျ၍ ဥပါသကာဒါယကာဆုကို ပန်ခဲ့သူ ဖြစ်၏။ အနာထပိဏ် သည် ရာဇဂြိုဟ်သို့ ကူးသန်းရောင်းဝယ်ရေးကိစ္စဖြင့် သွား၍ ယောက်ဖ တော်သော သူဌေးအိမ်ဝယ် တည်းခိုလေ့ရှိ၏၊ ထိုသို့ သွားလေ့ရှိရာ ဝယ် တစ်ချိန်၌သော် အိမ်ရှင်သူဌေးသည် ဘုရားရှင်အား နက်ဖြန် ဆွမ်းကပ်ဖို့ရန် ချက်ပြုတ်ရေးကို စီမံနေသောကြောင့် ခါတိုင်းကဲ့သို့ စကားကြာကြာ မပြောအားချေ၊ ညဉ့်အချိန်ကျမှ စကားပြောခွင့်ရကြ၍ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူလာကြောင်းကို ပြောပြလေရာ "ဗုဒ္ဓ" ဟူသောအသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် နှစ်သက်မှုပီတိသည်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိရ် မငယ်ဘဲ ထည့်ထည့်ဝါဝါ ရှိရကား မလ္လိကာမိဖုရားစသော မိဖုရားတို့နှင့် ဝိသာခါစသော သူဌေးကတော် သူကြွယ်ကတော်များ ပင် ဘုရား တရားနှင့် အရိယာသံဃာတော်များကို လေးလေးစားစား ကိုးကွယ်ဆည်းကပ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မိမိတို့ စွမ်းနိုင်ရာ ဘက်မှ အချက်ကျကျ မြှင့်တင်ခဲ့ကြပေသည်။

**ပရိသတ်စုံညီ၍ ပရိနိဗ္ဗာန်စံတော်မူခြင်း** ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးစကပင် ပရိနိဗ္ဗာန်စံတော်မူပါရန် လျှောက်ထားလာသော မာရ်နတ်ကို "သာသနာ့တာဝန်ဆောင်နိုင်မည့် ပရိသတ်လေးမျိုး မစုံညီသေးသမျှ ပရိနိဗ္ဗာန်စံတော်မူဦးမည် မဟုတ်"ဟု ပယ်မြစ်တော်မူခဲ့၏။ ယခုအခါ တာဝန်ဆောင်မည့် ပရိသတ်လေးမျိုးလည်း ပြည့်စုံ၍ အသက်တော်လည်း ရှစ်ဆယ် ပြည့်နေပြီ ဖြစ်သောကြောင့်သာ ပရိနိဗ္ဗာန်စံတော်မူပါသည်၊ ဤအချက်ကို စဉ်းစားလျှင် ဗုဒ္ဓသာသနာတော်ကို ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ ဟူသော ပရိသတ်လေးပါးတို့ကသာ အမြဲ တာဝန်ဆောင် နိုင်၍ ထိုပရိသတ်လေးပါးတွင် တစ်ပါးပါးလျော့လျှင် တာဝန်ဆောင် အဖွဲ့ လျော့၍ သာသနာတော်အားပျော့ရပေလိမ့်မည်၊ တာဝန်ဆောင် ပုဂ္ဂိုလ်များတွင်လည်း အတော်များများက စိတ်အားလျှော့လိုက်လျှင် သာသနာတော် အားပျော့ရမည်မှာ ဓမ္မတာ (ထုံးစံ)ပင် ဖြစ်သည်၊ ထို့ကြောင့် ရှေးရှေးက တာဝန်ဆောင်ပုဂ္ဂိုလ်တို့ အားမလျှော့ဘဲ သာသနာ့တာဝန် ထမ်းဆောင်ခဲ့ကြပုံကို ပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ရကား ကျောင်းသား အရေအတွက်ချင်း များစွာ ကွာခြားလေသည်။

[ဤကား ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး မော်ကွန်းစာအုပ်မှ ထုတ်ယူဖော်ပြချက်တည်း။]

**စဉ်းစားဖွယ်** မြန်မာနိုင်ငံဝယ် အထက်အောက် ဒေသနှစ်ရပ်၌ အစိုးရ အသိအမှတ် ပြုအပ်သော ဘုန်းတော်ကြီးစာသင်ကျောင်း(၆၈၇၃)ကျောင်း ရှိခဲ့ဖူးပါလျက် ယခုအခါ ထိုကျောင်း အများအပြားပင် ကွယ်ပျောက်သွားရာ၌ များစွာ စဉ်းစားဖွယ်ရှိသည်ကား–

(၁) ဘုန်းတော်ကြီးများသည် ကျောင်းအုပ်အဖြစ်ဖြင့် ကျောင်းကို အုပ်ချုပ်ရုံသာ အုပ်ချုပ်၍ သင်ပြသောဆရာတို့က လူဝတ်ကြောင်များ ဖြစ်သောကြောင့် အတော်ကြာလျှင် ဘုန်းကြီးသြဇာ မရှိသဖြင့် ကျောင်းပျက်ရလေသလော။

(၂) ဘုန်းတော်ကြီးသည် ကျောင်းအုပ်ချုပ်ခကို ယူထားသော်လည်း အစိုးရ၏ စည်းကမ်း ဥပဒေအတိုင်း လိုက်နာဖို့ရန် ခဲယဉ်းသောကြောင့် ကျောင်းပျက်ရလေသလော။

(၃) ဘုန်းတော်ကြီးနှင့် ပညာအုပ်များ ဆက်ဆံရာဝယ် သဘာဝအားဖြင့် ဘုန်းကြီးက အထက်က နေရသော်လည်း ဥပဒေအရ ပညာအုပ်၏အောက် ကျနေသဖြင့် ဆက်ဆံရေး အဆင်မပြေသောကြောင့် ကျောင်းပျက်ရလေသလော။

www.burmeseclassic.com

www.burmeseclassic.com



(၄) တစ်ရံတစ်ခါ ဗုဒ္ဓဘာသာမဟုတ်သော ပညာအုပ်သည် ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ သွားလာ နေထိုင် ပြောဆိုလျှောက်ထားမှုမှ စ၍ အဆင်မပြေဖွယ် ကိစ္စတွေ ရှိနိုင်ရကား ထိုအကြောင်းလည်း ကျောင်းပျက်ရခြင်း၏ အကြောင်းတစ်ပါး ဖြစ်လေသလော။

(၅) အစိုးရ လခကို ယူ၍ အုပ်ချုပ်သော ကျောင်းအုပ်ဘုန်းတော်ကြီးများကို များစွာသော အခြားဘုန်းကြီးများနှင့် အချို့သော လူကြီးတို့က အထင်သေး အမြင်သေးဖြစ်ခြင်းကြောင့် တစ်စ တစ်စနှင့် ကျောင်းပျက်ရလေသလော။

ဤသို့ စသောအားဖြင့် စဉ်းစားဖွယ်တွေ များစွာ ရှိနေပါသည်၊ ထို့ပြင်–ဘုန်းတော်ကြီးက ကျောင်းကို အုပ်ချုပ်ရုံသာ အုပ်ချုပ်၍ လူဝတ်ကြောင်ဆရာက အတန်းစာကို သင်ပြလျှင် "ထိုကျောင်းသားများသည် ဘုန်းကြီးထက် အတန်းဆရာကို ပို၍ မလေးစားပေဘူးလား"ဟု စဉ်းစားဖွယ် ရှိပြန်၏။ [ယခုအခါ သာသနာဘက်၌ စာမပို့ချနိုင်သော, သံဃာများကို ဆွမ်း သင်္ကန်း ဝေငှနိုင်လောက်အောင် ဘုန်းကံလည်း မရှိ, ရှိစေကာမူ ဝေငှလေ့မရှိသော ကျောင်းထိုင် တိုက်အုပ် တိုက်ကြပ်ပုဂ္ဂိုလ်များသည် ထိုကျောင်းမှာ ထိုတိုက်မှာ စာချနေသော ဘုန်းကြီးများလောက် ဩဇာမရှိပါ၊ စာသင်သားတို့ကလည်း စာမပို့ချသော ထိုတိုက်အုပ်စသည်ကို "ဆရာ"ဟု အသိအမှတ် မပြုကြပါ။]

www.burmeseclassic.com

www.burmeseclassic.com



ပျက်၍ ပျက်၍ နေ၏၊ ထိုပျက်သမျှကို အစားထိုးမိအောင် အမြဲ ကြိုးစား၍ နေရ၏၊ မကြိုးစားလျှင် ပျက်သမျှကို အစားမထိုးနိုင်ဘဲ အပျက်က လွှမ်းမိုးသွားမြဲ ဖြစ်လေသည်။

**ဘုန်းကြီးတို့အမျိုး** ဘုန်းကြီးတို့အမျိုးတွင် ဘုန်းကြီး၏ နှစ်ဖက်သော အဘိုးများသည် ရောက်ရှိသော အဆင့်အထန်းတွင် အေးအေးဆေးဆေး နေတတ်သူများ ဖြစ်ကြ၏၊ ဘုန်းကြီး မှတ်မိသမျှ ပင်ပင်ပန်းပန်း အလုပ် လုပ်သည်ကို မတွေ့ရဘူးချေ၊ ရရှိသော လယ်စု ယာစုဖြင့်သာ ထိုက်တန်သလောက် လှူဒါန်း ပေးကမ်း၍ ချမ်းသာစွာ နေသွားကြလေသည်၊ ထိုအနေမျိုး နေသွား ကြသော ဦးကြီး ဘကြီး စသူတို့လည်း ရှိ၏၊ သူတို့၏ သား သမီး များလည်း အများအားဖြင့် အေးဆေးကြ၏၊ ထူးထူးထွေထွေလည်း အလုပ် လုပ်တတ်ကြဟန် မတူ၊ ဝမ်းကွဲတော်စပ်ကြသော ဆွေမျိုး တချို့ကား ရရှိသော လယ်စု ယာစုအပြင် တင်ကြိုး၍ ငွေပေးဝယ်ထား သော စပါးလည်း များစွာရှိ၏၊ ငွေတိုး ကြေးတိုးလည်း ပေးကြ၏၊ သူတို့ သားသမီး အများစုလည်း ထိုမိဘခြေရာအတိုင်း လိုက်ကြ၏၊ နောင် သားစဉ်မြေးဆက် ရောက်လာသောအခါ အဘိုးရင်းများ၏ သားသမီးမြေးများသည် (အနည်းငယ်မှတစ်ပါး) ဘိုးဘွားတို့၏ အဆင့် အတန်းကို မမှီတော့ပေ၊ ဝမ်းကွဲဆွေမျိုးများ၏ သားစဉ်မြေးဆက်ကား မိဘ၏အဆင့်အတန်းကိုပင် (ခေတ်အလိုက်)လွန်တက်သွားဟန် တူပါ သည်၊ မြန်မာပြည် ရပ်တိုင်း ရွာတိုင်းလည်း ဤအတိုင်း အေးအေး ဆေးဆေး နေတတ်သူတို့ အစဉ်အဆက် တန်းလျော၍ ဉာဏ်လည်းရှိ ဝီရိယလည်း ရှိသူတို့သာ အဆင့်ဆင့် မြင့်တက်သွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက, အဂ္ဂမဟာပဏ္ဍိတ, သက္ကျသီဟဓမ္မာစရိယ ဖြစ်တော်မူသော စည်ရှင်ဆရာတော်သည် မြန်မာနိုင်ငံ၌လည်းကောင်း, အိန္ဒိယ၌လည်းကောင်း ဟိန္ဒူ, သက္ကတ, အင်္ဂလိပ်ဘာသာတို့ကို သင်ယူတော်မူ၏။ ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ကိုလည်း အထူးဆောင်တော်မူ၏။ မိမိ၏ လက်ရုံးတပည့်တစ်ပါးဖြစ်သော သက္ကျသီဟဓမ္မာစရိယ ပထမကျော် အရှင်အာနန္ဒပဏ္ဍိတကိုလည်း ဗာရာဏသီသို့ စေလွှတ်၍ ဟိန္ဒူ, သက္ကတ, အင်္ဂလိပ်စာတို့ကို သင်ယူစေတော်မူပါသည်။

(၆) ဘုန်းကြီး၏ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ(ဒုတိယ)ဥက္ကဋ္ဌ မဟာနာယက, အဂ္ဂမဟာပဏ္ဍိတ, သက္ကျသီဟ ဓမ္မာစရိယ, မြောင်းမြဆရာတော်သည် မြန်မာနိုင်ငံ၌လည်းကောင်း, အိန္ဒိယ၌လည်းကောင်း ဟိန္ဒူ, သက္ကတ, အင်္ဂလိပ်ဘာသာတို့ကို သင်ယူတော်မူ၏။ ယခုအခါ ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ကို အထူးဆောင်တော်မူ၏။ မြောင်းမြမြို့ ပဇ္ဇောတာရုံတိုက်၏ နာယက ဓမ္မာစရိယဖြစ်သော မိမိ၏ တပည့်ရင်း အရှင်ဉာဏိကကိုလည်း ပဇ္ဇောတာရုံကျောင်းတိုက်ကို တိုးချဲ့ သင်ပြနိုင်ဖို့ရန် အိန္ဒိယသို့ စေလွှတ်၍ ယခုအခါ ဟိန္ဒူ, သက္ကတ, အင်္ဂလိပ်ဘာသာတို့ကို အထက်တန်းရောက်အောင် လေ့လာစေတော်မူ၏။

ဤကား ဘုန်းကြီး ကောင်းကောင်းသိထားသော ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌဆရာတော်များ ဘာသန္တရလေ့လာပုံဖြစ်၏။ ထိုဆရာတော်များကဲ့သို့ အခြားဂိုဏ်းမှာလည်း ဘာသန္တရတတ်မြောက်၍ သာသနာ့တာဝန်ကို ဆောင်နေသော ဆရာတော်ကြီးများကို ကြားဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



**ကြုံခဲ့သော သာသနာ**

ဗုဒ္ဓမြတ်စွာ တစ်ဆူ တစ်ဆူ၏ သာသနာသည် အလွန် ပေါ်လာဖို့ ခဲယဉ်း၏။ ဘုန်းကြီးတို့၏ ဘုရားအလောင်းတော် ပါရမီဖြည့်ရာဝယ် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၏အတွင်းမှာ (ဘုရားရှင်ပေါင်း နှစ်ကျိပ်လေးဆူသာ ပွင့်ခဲ့သောကြောင့်) ဤသာသနာမျိုးမှာ နှစ်ဆယ့်လေးကြိမ်သာ ကြုံခဲ့ရဖူးသည်၊ ထိုမျှလောက် ခဲယဉ်းသော သာသနာတော်ကြီး ထွန်းပေါ်ချိန်ဝယ် မိမိက လူ့ဘဝကို ရနေဖို့လည်း တစ်ဆင့် ခဲယဉ်းပြန်၏၊ လူ့ဘဝ ရပြန်ပါလည်း ဗုဒ္ဓသာသနာကို ယုံကြည်သော လူ့ဘဝ ရဖို့ကား ထပ်မံ၍ ခဲယဉ်းပြန်၏၊ ဗုဒ္ဓသာသနာကို ယုံကြည်သော လူ့ဘဝကို ရပြန်ပါလည်း သာသနာတော်ကို ပြုစုသော သဒ္ဓါ ဆန္ဒနှင့် သီလ သမာဓိ ပညာ, ဥစ္စာဓနေ ပြည့်စုံသူ ဖြစ်ဖို့ရန် ထပ်မံ၍ ခဲယဉ်းပြန်၏၊ ထို့ကြောင့် တွေ့ဖို့ ကြုံဖို့ ခဲယဉ်းသမျှ အလုံးစုံ ပြည့်စုံနေသော ဆရာ ဒကာ ဟူသမျှသည် သဘာဝကျကျနှင့် အားရဖွယ် သာသနာတော်ကို မဖြစ်မနေ အားသွန်ကြိုးပမ်း အစွမ်းကုန် ထမ်းကြစေလိုပါသည်။ [ဤနေရာဝယ် ဘာသာခြား ပုဂ္ဂိုလ်တို့၏ သူတို့ သာသနာ တိုးပွားရေး၌ အားစိုက်ကြပုံကို သတိပြုစေလိုပါသည်။]

www.burmeseclassic.com

www.burmeseclassic.com



ပဋိရူပဒေသ (သင့်တော်သောအရပ်) မဟုတ်ပါ၊ ဤမြန်မာနိုင်ငံကား ထိုတရားမျိုးကို များစွာ ညွှန်ပြနိုင်သော ပဋိရူပဒေသ ဖြစ်ပါသည်၊ ထို့ကြောင့် အသင် ခေတ်ပညာတတ်တို့သည် ဤ နိုင်ငံကျော်၍ အခြားနိုင်ငံကို မျှော်မည့်အစား ဤနိုင်ငံ၌ သဘာဝအတိုင်း ရှိနေသော အကောင်း များကိုသာ တကယ်ကောင်း/မကောင်း မြည်းစမ်းစေလို ပါသည်။

**နောက်ဘဝမရှိဟု ယူသူ နှစ်ဖက်ရှုံး**

ဘယ်ကိစ္စမျိုးမဆို မိမိစိတ်မှာ နှစ်ခုဖြစ်နေလျှင် မမှားနိုင်သော လမ်းကို လိုက်ရပါသည်၊ ဘာသာခြားတချို့က "နောက်ဘဝမရှိ"ဟု ဆို၏၊ ဗုဒ္ဓဘာသာက "နောက်ဘဝ ရှိ၏"ဟု ဆို၏၊ "နောက်ဘဝ မရှိ"ဟု ယူသူတို့သည် မိမိကိုယ်ကို စောင့်စည်းထိန်းသိမ်းထားဖို့ အရေးမကြီးတော့ပါ၊ လူချင်း ဆက်ဆံရာဝယ် အဆင်မပြေမည် စိုးသောကြောင့်သာ စောင့်စည်းဖို့ လိုပါသည်၊ သို့ဖြစ်လျှင် ထိုသူ့မှာ ဗုဒ္ဓတရားတော်အရ ဒုစရိုက်မကောင်းမှုများကို ရှောင်ဖို့လည်း အရေးမကြီးတော့ပါ၊ ယခုဘဝမှာလည်း လူတစ်ပါးက ယုံကြည် စိတ်ချရသော လူကောင်းတစ်ယောက် ဖြစ်ကောင်းမှ ဖြစ်တော့မည်၊ ထိုသို့ အယူရှိသူတွေ လူများစု ဖြစ်နေပါမူ ထိုသူတို့ များသောနေရာ သည် စိတ်ချလက်ချ နေခွင့်ရတော့မည် မထင်ပါ၊ တစ်ဖန် သူတို့ ယူဆသည့်အတိုင်း နောက်ဘဝမရှိတာမှန်လျှင် ခံသာပါသေး၏၊ အကယ်၍ နောက်ဘဝရှိခဲ့လျှင် သူတို့၏ ယခုဘဝ အကုသိုလ်ကံသည် မကောင်းကျိုးပေး၍ ကုန်နိုင်ရန် မရှိတော့ပါ၊ သို့ဖြစ်လျှင် "နောက်ဘဝ မရှိ"ဟူသော အယူကြောင့် ခုဘဝလည်း ရှုံး, နောက်ဘဝလည်း ရှုံး နှစ်ဖက်ရှုံး ရှုံးဖို့သာ ရှိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မူလတန်းလောက်ကို ပြနိုင်စရာ ရှိပါသည်၊ နှစ်ရှည်သင်နည်း၌ကား ယခုခေတ်သင်နည်းတွင် တစ်နှစ် တစ်တန်း မှန်မှန်တက်ခြင်း၊ ကလေးများ သင်ပြဖို့ ဘာသာရပ်များ ပါဝင်စေခြင်းသာ ထူးပါသည်။

**စီမံကိန်းနှစ်မျိုး၏ အကျိုးရ** နှစ်တိုစီမံကိန်း အထမြောက်ပါမူ ကျေးရွာကျောင်းများ၌ ဘုန်းကြီးကျောင်းသား မရှိသေးလျှင် ရှိလာစေခြင်း၊ နဂိုရှိပြီးကိုလည်း မြန်မြန် ပြုပြင်သင်ကြားရခြင်းအကျိုး ရနိုင်ပါသည်၊ နှစ်ရှည်စီမံကိန်းကား ယခုသင်နည်းကို တိုးတက် စည်းကမ်းကျစေခြင်းသာ ဖြစ်၍ ဆရာလုံလောက်ပါမူ အထ မမြောက်စရာ မရှိပါ။ အထမြောက်လျှင်လည်း တန်းကုန်အောင် မလိုက်နိုင်သော ပုဂ္ဂိုလ်များသည် ကျေးရွာ မြို့ငယ်၌ ဘုန်းတော်ကြီးများအဖြစ်ဖြင့် အမျိုးဘာသာ သာသနာ့ဝန်ကို ဆောင်နိုင်ပါသည်၊ တန်းကုန်လိုက်သော ပုဂ္ဂိုလ်များသည် သာသနာ့ဝန်ကို စာပေပရိယတ်ဖြင့်ဖြစ်စေ၊ အကျင့်ပဋိပတ်ဖြင့်ဖြစ်စေ ထမ်းဆောင်နိုင်ကြပါသည်။ စာပေပရိယတ်ဖြင့် ထမ်းဆောင်နိုင်လျှင်လည်း မိမိတို့နေရာ မြို့နယ်တွင် အမျိုးဘာသာ သာသနာ တိုးတက်စေနိုင်မည့် ကျောင်းများဖြစ်အောင် ကျောင်းဟောင်း တိုက်ဟောင်းများကို ပြုပြင်၍ဖြစ်စေ၊ ကျောင်းသစ် တိုက်သစ်တည်၍ဖြစ်စေ ရွက်ဆောင်နိုင်ပါသည်၊ အကျင့်ပဋိပတ်ဖြင့် ထမ်းဆောင်ပါမူ တစ်ပါးတည်း နေ၍ (ရပ်ရွာ၏ သုခဒုက္ခကို လျစ်လျူရှုကာ) အေးဆေးစွာ နေနိုင်ပါသည်၊ သို့မဟုတ် မဟာဂန္ဓာရုံဆရာတော်ကြီးများခေတ်ကကဲ့သို့ ပဋိပတ်ရဟန်းတော်များချည်းသက်သက် (လူတို့နှင့် မရောယှက်ဘဲ) အေးဆေးစွာ နေနိုင်ပါသည်၊ ထိုကမ္မဋ္ဌာန်းကျောင်းတိုက်၌ လူဝတ်ကြောင်တို့ကား ခေတ္တခဏ တရားယူရန် သင့်တော်သော နေရာ၌ သီးခြား နေသင့်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ အာမခံပုဂ္ဂိုလ်သည် မိမိတာဝန်ရှိသူ၏ ကျန်းမာရေးနှင့် စာသင်ရေးကို အထူးတာဝန်ယူရပါသည်။ [မိမိ စာချပေးနိုင်လျှင် စာချပေး၍, စာမချနိုင်လျှင် စာချပေးမည့်ပုဂ္ဂိုလ်အထံ လိုက်နာဖို့ ညွှန်ပြသောအားဖြင့် စာသင်မှုကို တာဝန်ယူရပါသည်။]

၅။ ခရီးသွားသောအခါ သက်န်းရုံဖို့, သပိတ်ယူသွားဖို့, ငွေမကိုင်ဖို့ သတိပေးပါသည်၊ သို့သော် ပင်ကို သဒ္ဒါတရားကောင်းသူတချို့သာ သတိပေးတိုင်း ပြုကျင့်၍ သဒ္ဒါတရားနည်းသော စာသင်သားတို့ကား မျက်ကွယ်ရောက်လျှင် ထိုအတိုင်း မပြုကျင့်ကြပါ။

၆။ ပွဲကြည့်ခြင်း, ကျောင်းတွင်း၌လည်းကောင်း, ကပ္ပိယ ရနိုင်ပါလျက် ကျောင်းပြင်၌လည်းကောင်း ငွေကိုင်ခြင်းသည် တိုက်မှ နှင်ထုတ်နိုင်သော အပြစ်များ ဖြစ်ပါသည်။ [တစ်ရံတစ်ခါ ကပ္ပိယ မရနိုင်၍ ခရီးသွားရင်း ငွေကိုင်ခြင်းကို ဝိနည်းက ပညတ်ထားသော်လည်း နှင်၍ မထုတ်နိုင်သည်မှာ ငွေမကိုင်သည့် ပုဂ္ဂိုလ်က နည်းပါးသေးခြင်းကြောင့် ဖြစ်၏။

၇။ မိမိ၏ အိပ်ရာ နေရာ အဝတ် သင်္ကန်းများကို သန့်ရှင်းစွာထား၍ မိမိတို့နေရာ ကျောင်း၏ အနီးဥပစာကိုလည်း ထိုက်တန်သမျှ သန့်ရှင်းစေရပါသည်၊ ဥပုသ်နေ့မတိုင်မီ အဖိတ်နေ့၌ မိမိနေရာကျောင်းကို အထူးသန့်ရှင်းစေ၍ ဥပုသ်နေ့၌ နံနက်ဆွမ်း စားအပြီးတွင် (ဆောင်းအခါမဟုတ်လျှင်) တစ်တိုက်လုံး ရေဖျန်း၍ တံမြက်လှည်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူထွက်လိမ့်မည်ဟု လူဒါယကာများက သံသယဖြစ်ကြပါသည်၊ ဒါယကာအကူအညီ မပါလျှင် မဖြစ်နိုင်သော သာသနာပြုကိစ္စဝယ် လူဒါယကာတို့၏ သဒ္ဓါတရားကို မငဲ့လျှင် မဖြစ်နိုင်ပါ။]

၁၂။ အင်္ဂလိပ်စာ သင်နေစဉ် ပိဋကကျမ်းစာကို ပို့ချစေ၍ မသင်ရသေးသော နိကာယ်ကြီးများကို သင်ယူစေပါမည်၊ ထိုသို့ ပိဋကနှင့် အဆက်မပြတ်မှသာ "သဒ္ဓါတရား ပြယ်မသွားဘဲ တိုးလာလိမ့်မည်"ဟု ယူဆပါသည်။

၁၃။ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌ ထိုဓမ္မာစရိယစာချပုဂ္ဂိုလ်အတော်များလာလျှင် ထိုပုဂ္ဂိုလ်များကို စာချစေ၍ တစ်နှစ်တစ်တန်း မှန်မှန်တက်ရသော စာသင်နည်းကို စီစဉ်နိုင်စရာရှိပါသည်။

၁၄။ ထိုတစ်နှစ်တစ်တန်း စာသည်နည်းသည် စာသင်သားများကို အရည်အချင်း ရွေးချယ်ပြီးသား ဖြစ်စေ၍ စာသင်တိုက်မဟုတ်သော နေရာ၌ အကြောင်းထူး မရှိဘဲ နေထိုင်မှုကို တားမြစ်ပြီးလည်း ဖြစ်စေနိုင်ပါသည်။

၁၅။ ထိုကဲ့သို့ တိုးချဲ့ထားသော ဝန်ဆောင်ကျောင်းတိုက်ကြီးများ၌ စာနပ်ရိက္ခာ လိုလိမ့်မည်ကို စဉ်းစားမိပါသည်၊ တပည့်တော်များ၏ ကျောင်းတိုက်၌ သံဃာတစ်ရာ ရှိချိန်ဝယ် (နေ့ဆွမ်းခံလျက်နှင့်) တစ်လလျှင် တစ်ထောင်တန်လောက် ရိက္ခာကုန်နေပါသည်၊ သို့ဖြစ်၍ သံဃာ(၃၀၀) (၄၀၀) စသည်ရှိလျှင် သုံးထောင် လေးထောင်စသည်အထိ စာနပ်ရိက္ခာအတွက် ကုန်ကျဖွယ် ရှိပါသည်။

www.burmeseclassic.com

